"အသံ"

# တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏အမြန်ရထားကို လိုက်ပါစီးနင်းရန်ကြိုဆိုပါသည်

စက်တင်ဘာလ (၁၉)ရက်နေ့ ၂၀၁၇ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" မီဒီယာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်ကို တွမ်ဟွမ်တွင်ကျင်းပခဲ့သည်။ (၄)နှစ်အတွင်း "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်၏ နိုင်ငံတကာထိရောက်အားသည် ပိုမိုသိသာထင်ရှားလာခဲ့သည်။ "တရုတ်အကြံပြုချက်"မှ "နိုင်ငံတကာလုပ်ဆောင်ချက်"ဖြစ်စေ၊ "တရုတ်အတွေးအခေါ်"မှ "နိုင်ငံတကာသဘောတူချက်"ဖြစ်စေ၊ "တရုတ်အကြံပြုချက်"မှ "ကမ္ဘာအုပ်ချုပ်ရေး" အတွင်းသို့ ရောပါဝင်ရောက်သည်ဖြစ်စေ အားလုံးသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ကို အတူဆောက်လုပ်ခြင်းဖြင့် ကမ္ဘာအတွက် သယ်ဆောင်လာပေးသော အခွင့်အရေးများပင် ဖြစ်ပါသည်။ အကျိုးသက်ရောက်မှု (၄)ဆင့်ထွက်ပေါ်လာခဲ့သည်။

စီးပွားဖွံ့ဖြိုးတိုးတက်ပုံစံကိုပြောင်းလဲသည်။ ချမ်းသာလိုသော် လမ်းဖောက်ပါ။ အခြေခံအဆောက်အအုံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်ပါသည်။ အကြံပြုချက်ကြောင့် အဆောက်အအုံအချင်းချင်းချိတ်ဆက်မှုကို ဖြစ်ပေါ်စေခြင်းဖြင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးသည် ဂလိုဘယ်လိုက်ဇေးရှင်းကို ပြုပြင်ပြောင်းလဲနေကာ ရင်းနှီးမှုများကို စစ်မှန်စီးပွားရေးအတွင်းသို့ပြန်လည်ရောက်ရှိအောင် ဦးညွှန်ပေးပြီး ကမ္ဘာ့ငွေကြေးစီးပွားရေး အကျပ်အတည်း အရင်းအမြစ်ကိုပယ်ဖျောက်ရန် အကျိုးပြုသည်။ ဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုကျယ်ပြန့်သော ပြည်သူများအကျိုးရရှိစေနိုင်မည်ဖြစ်သည်။

လုပ်ငန်းဆက်ခံပြီး မဟာဗျူဟာချိတ်ဆက်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးသည် သက်ဆိုင်ရာနိုင်ငံများမှ လုပ်ငန်းဆက်ခံရေးကိုလုပ်ဆောင်နိုင်ရန် အခွင့်အလမ်း၊ ကမ္ဘာ့တန်ဖိုးချိန်းစနစ်အတွင်းသို့ပါဝင်ရန် အခွင့်အရေးကိုသယ်ဆောင်ပေးခဲ့သည်။ ထို့ကြောင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ကို မဆုပ်ကိုင်မိပါက (၂၁)ရာစုအခွင့်အရေးများကို မဆုပ်ကိုင်နိုင်ပါဟုဆိုသောစကားရှိလာသည်။ "(၂၁)ရာစုသည် တရုတ်ရာစုဖြစ်သည်။" "တရုတ်ရာစုရောက်ရှိလာသည့် အမှတ်မှာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု' ဖြစ်သည်။" ယင်း၏ ဗဟိုအကြောင်းအရာမှာ အခြေခံအဆောက်အအုံဆောက်လုပ်ရေးနှင့် အချင်းချင်းချိတ်ဆက်ရေးကို တွန်းတင်လုပ်ဆောင်ခြင်းဖြစ်သည်။ နိုင်ငံအသီးသီးပေါ်လစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများနှင့် ချိတ်ဆက်ကာ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ပြီး ချိတ်ဆက်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်၍ အတူတကွသာယာကြွယ်ဝမှုကို ဖြစ်မြောက်စေခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ငွေကြေးစီးပွားရေးအကျပ်အတည်းအန္တရာယ်မှ လျှော့ကျစေရန် တွန်းတင်ခဲ့သည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် နိုင်ငံတကာပြည်သူများမှ တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည့် အမြန်ရထား၊ လမ်းကြုံရထားနှင့် အတူလိုက်ပါရန်ကြိုဆိုပါကြောင်း ဖော်ပြခဲ့သည်။ အမေရိကန်အတိုင်ပင်ခံကုမ္ပဏီအကြံပေး Mckinseyက ၂၀၅၀ခုနှစ် ရောက်သည့်အခါတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ဆောက်လုပ်ရေးသည် ကမ္ဘာ့စီးပွားရေးတိုးမြှင့်မှုအားအပေါ် (၈၀%)ရှိမည်ဖြစ်ပြီး အလယ့်အလတ်လူတန်းစားဦးရေသန်းပေါင်း(၃၀၀၀)ကျော် တိုးပွားမည်ဖြစ်သည် ဟုပြောခဲ့သည်။ အနာဂတ်(၁၀)နှစ်အတွင်း ကုန်သွယ်ပမာဏကို အမေရိကန်ဒေါ်လာ(၂၅၀၀)ဘီလီယံ အသစ်တိုးမြှင့်စေမည်ဖြစ်သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်သည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းစဉ်အတွင်း ကမ္ဘာ့ဖွံ့ဖြိုးရေးပြဿနာက ဖြေရှင်းခြင်းဖြစ်သည်။ အစိမ်းရောင် ပိုးထည်လမ်း၊ ကျန်းမာရေးပိုးထည်လမ်း၊ အသိဉာဏ်ပိုးထည်လမ်း၊ ငြိမ်းချမ်းရေးပိုးထည်လမ်းကို ဆောက်လုပ်ခြင်းသည် လူသားတို့၏ ကုန်ထုတ်လုပ်၊ နေထိုင်၊ အတွေးအခေါ်ပုံစံပြောင်းလဲမှုကို တွန်းတင်ခြင်းဖြစ်သည်။ လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို ဆောက်လုပ်ခြင်းဖြစ်သည်။

**ဝမ်ရီကွေ (စာရေးဆရာသည် တရုတ်နိုင်ငံပြည်သူတက္ကသိုလ်နိုင်ငံတကာကိစ္စရေးရာ သုတေသနဌာနဌာနမှူး၊ ချုံရန်ငွေကြေးစီးပွားရေးသုတေသနဌာန အဆင့်မြင့် သုတေသနပညာ ရှင်ဖြစ်သည်။)**

# အာရှတိုက်အရှည်ဆုံးရေကာတာ၊ ကမ္ဘောဒီးယားအကြီးဆုံးရေအားလျှပ်စစ်လုပ်ငန်း


## -- ဟွာနိုင်စန်းမြစ်ဒုတိယအဆင့်ရေအားလျှပ်စစ်ဂိတ်ဂိတ်တံခါးချပြီးရေသိုလှောင်

နှစ်ပေါင်း(၄)နှစ်ကြာဆောက်လုပ်ပြီးသောအာရှတိုက်မှာ အရှည်ဆုံးရေကာတာ၊ ကမ္ဘောဒီးယားမှာ စက်စွမ်းဆောင်ရည်အကြီးဆုံး ရေအားလျှပ်စစ်လုပ်ငန်း-- ဟွာနိုင်စန်းမြစ် ဒုတိယအဆင့်ရေအားလျှပ်စစ်ဂိတ်ဂိတ်တံခါးချပြီး ရေသိုလှောင်ခြင်းအခမ်းအနားကိုကျင်းပခဲ့သည်။

အခမ်းအနားသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟုန်စိန်း၊ ကမ္ဘောဒီးယားနိုင်ငံအခြေစိုက်တရုတ်နိုင်ငံသံရုံး သံအမတ်ရှုပေါ်၊ ကမ္ဘောဒီးယားသတ္တုနှင့် စွမ်းအင်အရာရှိတော့စိန်း၊ တရုတ်ဟွာနိုင်အုပ်စုကုမ္ပဏီအထွေထွေမန်နေဂျာ ဟွမ်ယုံတာစသည်တို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံအစိုးရအဆင့်ဆင့်အရာရှိများ၊ ဒေသခံပြည်သူများ၊ ကမ္ဘောဒီးယားရှိတရုတ်လုပ်ငန်းကိုယ်စားလှယ်များ၊ လူမှုရေးလောက အသီးသီးပုဂ္ဂိုလ်များနှင့် စီမံကိန်းအသီးသီးမှ လူပေါင်း (၃၀၀၀)ကျော် ပါဝင်တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံဖက်မှ ကမ္ဘောဒီးယားလျှပ်စစ်လုပ်ငန်းနှင့် စီးပွားရေးအတွက် အလေးပါသော အားပေးထောက်ခံမှုများပေးသည်ကို ဟုန်စိန်းမှမိန့်ခွန်းပြောကြားရာတွင်မြင့်မားစွာချီးမွမ်းခဲ့သည်။ စန်းမြစ်ဒုတိယအဆင့် ရေအားလျှပ်စစ်ဂိတ်သည် ကမ္ဘောဒီးယားသမိုင်းတွင် အကြီးမားဆုံးသော ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း၊ ကမ္ဘောဒီးယား လျှပ်စစ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရလဒ်အသစ်ဖြစ်ကြောင်း၊ လျှပ်စစ်ဂိတ်ရင်းနှီးထုတ်လုပ် လျှပ်စစ်မီးအားစတင်ထုတ်လွှတ်ပါက ကမ္ဘောဒီးယားအရှေ့မြောက်ပိုင်းဒေသပြည်သူများသည် ကာလကြာမြင့်စွာအသုံးပြုနိုင်ပြီး ဈေးနှုန်းချိုသာသောလျှပ်စစ်ဓာတ်အား ထောက်ပံ့မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း သူကပြောကြားခဲ့သည်။

စန်းမြစ်ဒုတိယအဆင့် ရေအားလျှပ်စစ်ဂိတ်သည် ကမ္ဘောဒီးယားအရှေ့မြောက်ပိုင်းစမ်း တင်ပြည်နယ်ရှီးစန်းဖုန်အတွင်းရှိ စန်းမြစ်ရေစီးကြောင်းပေါ်တွင် တည်ရှိပါသည်။ လျှပ်စစ်ဂိတ်၏ စက်စွမ်းဆောင်ရည်သည် (၄)သိန်းကီလိုဝပ်ရှိပြီး နှစ်ပေါင်းများစွာပျှမ်းမျှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုပမာဏမှာ (၁. ၉၇) ဘီလီယံကီလိုဝပ်ရှိကာ ၂၀၁၃ခုနှစ် အောက်တိုဘာလမှစပြီး စီစဉ်ဆောက်လုပ်ခဲ့သည်။ ယခုနှစ်နိုဝင်ဘာလတွင် ပထမဆုံးစက်အပိုင်းဖြင့် မီးအားလျှပ်စစ်ထုတ်လုပ်ရန်စီမံထားပြီး ၂၀၁၈ခုနှစ် အောက်တိုဘာလကုန်တွင် စက်အပိုင်း (၈)ခုလုံး မီးအားလျှပ်စစ်ထုတ်လုပ်မည်ဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"နှင့် ကမ္ဘောဒီးယားစွမ်းအင်ဆောက်လုပ်ရေး၏ အလေးပါစီမံကိန်း၊ တရုတ်ကမ္ဘောဒီးယား စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၏ စံပြဖြစ်သော အဆိုပါလျှပ်စစ်ဂိတ်သည် ဆောက်လုပ်ပြီးစီးထုတ်လုပ်ပြီးပါကထုတ်လုပ်မှုစွမ်းအင်မှာ ကမ္ဘောဒီးယားတစ်နိုင်ငံလုံး စုစုပေါင်းစွမ်းဆောင်ရည်၏ (၅)ပုံ (၁)ပုံအထက် ရှိမည်ဖြစ်သည်။ ကမ္ဘောဒီးယားစီးပွားဖွံ့ဖြိုး တိုးတက်ရေးအရှိန်မြှင့်တင်ခြင်း၊ ပြည်သူလူထုလူနေမှုပြောင်းလဲခြင်းအတွက် အလွန်အရေးပါသည့် အဓိပ္ပာယ်ရှိပါသည်။



ယခုကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားမှ တင်သွင်းလျှပ်စစ်စွမ်းအားမှာ တစ်နှစ်လျှင် ယူနစ်ပေါင်း(၁. ၂)ဘီလီယံရှိသည်ဟု မိတ်ဆက်ခြင်းအရသိရသည်။ စန်းမြစ်ဒုတိယအဆင့် ရေအားလျှပ်စစ်လုပ်ငန်းကို ဟွာနိုင်လန်ချန်းမြစ်ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက် ရင်းနှီးမှုကုမ္ပဏီခွဲယူနန်လန်ချမ်းမြစ် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီလီမိတက်၊ ကမ္ဘောဒီးယားတော်ဝင်အုပ်စု၊ ဗီယက်နမ်လျှပ်စစ်စွမ်းအားအုပ်စု နိုင်ငံတကာအစုရှယ်ယာကုမ္ပဏီသုံးဖက်တို့မှ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။ သုံးဖက်၏ ရှယ်ယာများမှာ (၅၁%)၊ (၃၉%)နှင့် (၁၀%)အသီးသီးရှိသည်။ ယင်းလျှပ်စစ်ဂိတ်သည် ဟွာနိုင်အုပ်စုမှ အရှေ့တောင်အာရှတွင်ဖွံ့ဖြိုးတိုးတက်ရေး၏ အလေးပါ "ပြတင်းပေါက်လုပ်ငန်း"ဖြစ်သည်။ စန်းမြစ်ဒုတိယအဆင့်ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်မှ BOT (ဆောက်လုပ်၊ လုပ်ဆောင်၊ လွှဲပြောင်း) နည်းလမ်းဖြင့် ရင်းနှီးဖွံ့ဖြိုးလုပ်ဆောင်မည်ဖြစ်သည်။ လျှပ်စစ်ဂိတ်၏ အဓိကစက်ကိရိယာအားလုံးသည် တရုတ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်သည်။ "တရုတ်နိုင်ငံနည်းပညာ+တရုတ်စံနှုန်း+တရုတ်စက်ကိရိယာ+တရုတ်အုပ်ချုပ်"သည့် တစ်လိုင်းလုံး"အပြင်သို့လျှောက်ခြင်း"ကို လုပ်ဆောင်ခြင်းဖြစ်သည်။ လုပ်ငန်းဆောက်လုပ်ရေးသည် လမ်းပန်းသွားလာရေးအခက်အခဲ၊ အပူပိုင်းရာသီဥတု၊ ရောဂါပေါများမှု၊ လုပ်ငန်းအရင်းအမြစ်နည်းပါးခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်ပြီးလုပ်ငန်းလုံခြုံရေး၊ အရည်အသွေးအုပ်ချုပ်ရေးတို့သည် ကမ္ဘောဒီးယားအစိုးရနှင့် အဖက်ဖက်မှကျွမ်းကျင်ပညာရှင်များ၏အသိအမှတ်ပြုခြင်းခံရသည်။ စီမံကိန်းတွင် ဒေသခံပုံစံအုပ်ချုပ်ရေးဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဒေသခံအလုပ်သမားများအတွက် များစွာသောအလုပ်အခွင့်အလမ်းကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ လုပ်ငန်းနှင့်ဒေသခံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခဲ့ရာ တရုတ်-ကမ္ဘောဒီးယားပြည်သူချစ်ကြည်ရေးကို တိုးမြှင့်ပေးနိုင်ခဲ့သည်။